# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 16 , 2024 | Volume 75, Number 11

၁၆.၂.၂၀၂၄

| | | |
|---|---|---|
| ကမ္ဘာ့ရွှေဈေး | = | ၂၀၀၅ US$ |
| မြန်မာ့ရွှေဈေး | = | ၃၈၇၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = | ၃၅၇၅ ကျပ် |
| CBM Rate | = | ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = | ၂၂၆၁.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = | ၁၅၅၉.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = | ၂၆၄၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = | ၁၃၆၉.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = | ၂၉၁.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = | ၂၅.၂၉၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = | ၁၅၇.၃၀ ကျပ် |
| မလေးရှားရင်းဂစ် | = | ၄၃၉.၅၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = | ၅၈.၂၃၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကျိုက်လတ်မြို့နယ်၌ ဂန္ဓမာပန်းများ ဝယ်လိုအားကောင်းပြီး အရောင်းသွက်နေ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၌ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် ဂန္ဓမာပန်းများ ဝယ်လိုအားကောင်းမွန်ပြီး အရောင်းသွက် နေကြောင်း ကျိုက်လတ်မြို့နယ် ပန်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဖြူဖြူအောင်၏ ပြောပြချက်အရသိရသည်။ ကျိုက်လတ်မြို့နယ်အတွင်း ယခုနှစ်တွင် ရာသီဥတုကောင်းမွန်ခြင်းကြောင့် ဂန္ဓမာပန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် ဂန္ဓမာပန်းများကို မအူပင်မြို့နယ်၊ ဖျာပုံမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့လတွေကထက် ဝယ်လိုအားများလာတော့ စိုက်ပျိုးသူတွေ အဆင်ပြေပါတယ်။ ဒီနှစ်မှာ ရာသီဥတုကကောင်းတော့ ပန်းတွေအောင်မြင်ဖြစ်ထွန်းပါတယ်။ ပန်းဈေးကလည်း မဆိုးပါဘူး။ ပန်းရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတွေက ခြံပြတ်စနစ်နဲ့ပန်းတွေကိုဝယ်ယူပြီး တခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချတာပါ။ လက်ရှိ ဂန္ဓမာပန်း ၁၅ ပွင့်ကို အပွင့်အကြီးအသေးပေါ်မူတည်ပြီး ငွေကျပ် ၂၅၀၀ ကနေ ၃၅၀၀ အထိ ဈေးရတယ်" ဟု ဒေါ်ဖြူဖြူအောင် ကပြောသည်။

ကျိုက်လတ်မြို့နယ်၌ စပါးစိုက်ပျိုးရေး လုပ်ငန်းနှင့်ယှဉ်တွဲပြီး ဂန္ဓမာပန်းများကို စီးပွားဖြစ်စိုက်ပျိုးကြခြင်းဖြစ်သည်။ "ဒေသထွက်ပန်းတွေကို ဒေသတွင်းမှာသာမက တခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်။ လက်ရှိမှာ တခြားဒေသတွေကနေ အဝယ်လိုက်နေတယ်။ ဒီနှစ် ရာသီဥတုကောင်းမွန်တာကြောင့် ပန်းပွင့်

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

တွေကလှပြီး ရောင်းတမ်းဝင်တယ်”ဟု ကျိုက်လတ်မြို့နယ်မှ ပန်းစိုက်တောင်သူ ဒေါ်တင်ညိုကပြောသည်။ အဆိုပါ ဂန္ဓမာပန်းကို အလျားပေ ၇၀၊ အနံပေ ၃၀ ဘောင်ဖော်ပြီး စိုက်ပျိုးကြကြောင်းသိရသည်။

**Source:** https://www.myawady.net.mm

**Commerce.gov.mm**

## မန္တလေးကုန်စည်ဒိုင်တွင် ပို့ကုန်ပဲများ ဈေးအေးနေ

ဖေဖော်ဝါရီလ ဒုတိယပတ် မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ပို့ကုန်ပဲများ အရောင်းအဝယ်အေး ဈေးအေးနေကြောင်း၊ ပဲစင်းငုံ (နီ) မှာ ရွှေဘို၊ ကျောက်ပန်းတောင်းနှင့် နွားထိုးကြီးဒေသတို့မှ ဝင်ရောက်လျက်ရှိပြီး၊ ယခင်တစ်ပတ်ထက် ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ၁၈,၀၀၀ နိမ့်ကျလာသည်။ မတ်ပဲနှင့်ပဲတီစိမ်းမှာ အဟောင်းလက်ကျန်များသာရှိ၍ ပြည်ပပို့ကုန်ပဲများ ဈေးအေးနေကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

**ပဲစင်းငုံ(နီ)** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင်ကျပ် ၃,၇၄,၀၀၀ မှ ၃,၇၂,၀၀၀၊ ယခင်တစ်ပတ်ကျပ် ၃,၉၂,၀၀၀ မှ ၃,၉၀,၀၀၀ ၊ ယခင်လကျပ် ၃,၂၈,၀၀၀ မှ ၃,၂၇,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၈,၀၀၀ နိမ့်ကျလာပြီး ၊ ယခင်လထက်ကျပ် ၄၅,၀၀၀ ၄၆,၀၀၀ မြင့်တက်လာသည်။

**မတ်ပဲ** ၆၀ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင်ကျပ် ၂,၈၀,၀၀၀ မှ ၂,၇၅,၀၀၀၊ ယခင်တစ်ပတ်ကျပ် ၂,၈၀,၀၀၀မှ ၂,၇၅,၀၀၀၊ ယခင်လကျပ် ၂,၈၅,၀၀၀မှ ၂,၇၅,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပြီး၊ ယခင်လထက်ကျပ် ၅၀၀၀ နိမ့်ကျလာသည်။

**ပဲတီစိမ်း(အညာ)** ၅၆ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင်ကျပ် ၁,၈၅,၀၀၀ မှ ၁,၅၅,၀၀၀ ၊ ယခင်တစ်ပတ်ကျပ် ၂,၀၀,၀၀၀မှ ၁,၆၀,၀၀၀ ၊ ယခင်လကျပ် ၁,၈၅,၀၀၀မှ ၁,၅၅,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅၀၀၀မှ ၁၅,၀၀၀ နိမ့်ကျလာပြီး ယခင်လအတိုင်းဈေးငြိမ်နေသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

**myantrade.gov.mm**

## မြန်မာလုပ်ငန်းရှင်အများစု ရှမ်းပြည်နယ်တွင် ဦးစားပေးရင်းနှီးမြှုပ်နှံလာရာ ရန်ကုန်တိုင်းဒေသကြီးက ဒုတိယလိုက်

မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များအများစုက ရှမ်းပြည်နယ်ကို ဦးစားပေးရွေးချယ်ပြီး ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်နေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (MIFER) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားလာပါတယ်။

ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ကျပ် ၁၂၉၅ ဒသမ ၂၅၄ ဘီလီယံကို ရင်းနှီးမြှုပ်နှံထားပြီး စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မှာတော့ နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်တွေ ဒုတိယအများဆုံးနဲ့ မန္တလေးတိုင်းမှာ တတိယအများဆုံး ရင်းနှီးမြှုပ်နှံသူတွေ ရွေးချယ်ထားပါတယ်။

အဲဒီဒေသတွေမှာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုတွေဟာ ပ၊ ဒု၊ တ အများဆုံးဖြစ်နေတာကို တွေ့ရှိရပါတယ်လို့ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ပြောပါတယ်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလထိ တစ်နှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် အမေရိကန်ဒေါ်လာ ၇၇၄ ဒသမ ၀၈၄ သန်း ဝင်ရောက်ထားပါတယ်။

ကဏ္ဍ ၈ ခုမှာ လုပ်ငန်းပေါင်း ၇၇ ခု ရင်းနှီးမြှုပ်နှံထားပြီး လျှပ်စစ်ကဏ္ဍမှာ ဒေါ်လာ ၃၇၄ ဒသမ ၅၂၅ သန်း၊ စက်မှုကဏ္ဍမှာ ဒေါ်လာ ၁၈၉ ဒသမ ၃၈ သန်း၊ ဝန်ဆောင်မှုကဏ္ဍမှာ ၉၃ ဒသမ ၂၇၆ သန်း ခွင့်ပြုပေးခဲ့တဲ့ FDI ဝင်ရောက်မှုအများဆုံး ကဏ္ဍတွေပဲဖြစ်ပါတယ်။

နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သူတွေထဲမှာ စင်ကာပူက ဒေါ်လာ ၃၄၆ ဒသမ ၄၀၇ သန်းနဲ့ ပထမ၊ တရုတ်က ဒေါ်လာ ၂၃၆ ဒသမ ၂၆၄ သန်းနဲ့ ဒုတိယ၊ ဂျပန်က ဒေါ်လာ ၉၉ ဒသမ ၃၅ သန်းနဲ့ တတိယအများဆုံး ရင်းနှီးမြှုပ်နှံထားကြပါတယ်။

ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်အနေနဲ့ အခြေခံအဆောက်အအုံ၊ လျှပ်စစ်၊ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး စတဲ့ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်ရှိနေပါတယ်။

Source: BETV Business

## ဖွဲ့နုကနေ ဆီကြမ်း တန်ချိန်(၉၀၀၀) နဲ့ ဆီချောတန်ချိန်(၆၃၀၀)ထုတ်လုပ်နိုင်မယ့် ဖွဲ့နုဆီနဲ့ စားသုံးဆီ ထုတ်လုပ်ရေးစက်ရုံ စတင်တည်ဆောက်




ပြည်တွင်းမှာ စားသုံးဆီဖူလုံရေးအတွက် တစ်နှစ်ကို ဆီကြမ်း တန်ချိန် (၉၀၀၀) နဲ့ ဆီချောတန်ချိန် (၆၃၀၀)ခန့် ထုတ်လုပ်နိုင်မဲ့ ဖွဲ့နုဆီနဲ့စားသုံးဆီ ထုတ်လုပ်ရေးစက်ရုံတည်ဆောက်နေပြီဖြစ်တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က MRF သိရပါတယ်။

ဆန်စပါး ကြိတ်ခွဲသန့်စင်ထုတ်လုပ်သည့် ဆန်စက်ကနေထွက်ရှိတဲ့ ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းများဖြစ်သော စပါးခွံ (Rice Husk) နဲ့ ဖွဲ့နု (Rice Bran) တို့ကိုအသုံးပြုပြီး တန်ဖိုးမြင့်ထွက်ကုန်အဖြစ် စားသုံးဆီ ထုတ်လုပ်နိုင်အောင် စတင်ဆောင်ရွက်ခြင်းဖြစ်တယ်လို့ သိရပါတယ်။ " အခု စက်ရုံတည်ဆောက်ရေးလုပ်ငန်း စနေပြီပြောရမယ်၊ အရင်ရက်က ပန္နက်ရိုက်ပြီးပြီ၊ စက်ရုံဆောက်တာကတော့ သတ်မှတ်ချိန်တစ်ခုရှိတယ်၊ အဲဒီကာလအတွင်း အပြီးတည်ဆောက်ဖို့ လုပ်သွားမှာပေါ့။ အမြန်ဆုံးပြီးအောင်တည်ဆောက်သွားမှာပါ " လို့ MRF အဖွဲ့ဝင်တစ်ဦးကပြောပါတယ်။

အဆိုပါ ဖွဲ့နုဆီကြမ်း၊ ဆီချောနဲ့ စားသုံးဆီထုတ်လုပ်ရေးစက်ရုံကိုတော့ နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်း၏လီမိတက် (MAPCO) ဆန်စက်ဝင်းအတွင်းမှာ စတင်တည်ဆောက်နေတာဖြစ်ပြီး စက်ရုံက မြန်မာနိုင်ငံမှာ ပထမဦးဆုံး ဖွဲ့နုဆီ ဆီကြမ်းနဲ့ ဆီချော(Refinery) ပါဝင်တဲ့ စက်ရုံဖြစ်တယ်လို့ သိရပါတယ်။

ဖွဲ့နုဆီ ထုတ်လုပ်ရေးလုပ်ငန်းကိုသာ တွင်တွင်ကျယ်ကျယ်လုပ်ဆောင်နိုင်ပါက ပြည်တွင်းစားသုံးဆီဖူလုံရေးကို အထောက်အကူပြုတာကြောင့် ပြည်ပမှစားအုန်းဆီ တင်သွင်းမှု လျှော့ချနိုင်မှာဖြစ်တယ်လို့သိရပါတယ်။

ဖွဲ့နုဆီသည် မပြည့်ဝဆီ (Unsaturated fat)အမျိုးအစားဖြစ်ခြင်းကြောင့် စားသုံးသူပြည်သူတွေ အဓိကထားစားသုံးသင့်တဲ့ ဆီအမျိုးအစားဖြစ်ပြီး အနံ့၊ အရသာမရှိတာကြောင့်လည်း စားသုံးမှုအတွက် အဆင်ပြေတဲ့ဆီအမျိုးအစားဖြစ်တယ်လို့ သိရပါတယ်။

ဒါကြောင့်စပါးခွံနဲ့ဖွဲ့နုကနေ တန်ဖိုးမြင့် ထုတ်ကုန်အဖြစ်ထုတ်လုပ်မဲ့ ဖွဲ့နုဆီကြမ်း၊ ဆီချောနဲ့စားသုံးဆီထုတ်လုပ်ရေး စက်ရုံတွေကို မြန်မာနိုင်ငံရဲ့ အခြားနေရာဒေသတွေမှာလည်း ထပ်မံတိုးချဲ့ကာတည်ဆောက်နိုင်ရေး လုပ်ဆောင်သွားမယ်လို့ MRF က ပြောပါတယ်။

ဖွဲ့နုဆီကြမ်း၊ ဆီချောနဲ့စားသုံးဆီထုတ်လုပ်ရေးစက်ရုံတွေ တည်ဆောက်ဖို့ဆိုရင် ဖွဲ့နုဆီထုတ်လုပ်ရေးလုပ်ငန်းတွေမှာ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတွေလိုအပ်သလို နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေလည်း လိုအပ်နေပါတယ်။

**Source: AMIA**

**#Awba**

## ပို့ကုန်ပဲများ စျေးအနည်းငယ်ကျဆင်းသွားသော်လည်း စျေးကွက်ပေါက်စျေးအတိုင်းအရောင်းအဝယ်သွက်နေ

ပို့ကုန်ပဲများ ဆက်လက်စျေး ကျဆင်းမှုရှိနေသော်လည်း စျေးကွက်ပေါက်စျေးအတိုင်း အရောင်းအဝယ်သွက်နေကြောင်း ပဲကုန်သည်များထံက သိရသည်။

ပဲ၊ နှမ်းစျေးကွက်တစ်ခုလုံးတွင် အိန္ဒိယ၏ ဝယ်လိုအားကျဆင်းမှုမရှိသော်လည်း ဒေါ်လာပေါက်စျေး၊ ကုန်သွယ်ရေး မူဝါဒများကြောင့် ပို့ကုန်ပဲများ စျေးကျဆင်းလာခြင်းဖြစ်သည်။

ပဲသစ်ရာသီအစ ပို့ကုန်ပဲများ စံချိန်တင်စျေးကောင်းခဲ့သော်လည်း ဖေဖော်ဝါရီသီတင်းပတ်တွင် စျေးအနည်းငယ်ကျဆင်း လာကြောင်း ပြည်တွင်းသုံး ကုလားပဲများလည်း လိုက်ပါစျေးကျဆင်းသွားကြောင်း ပြည်တွင်းသုံး ပဲမာလိုင်းများတွင် အသစ်ဝင်ရောက်မှုနည်းသည့် ပဲထောပတ်နှင့်မြေထောက်ပဲတို့မှာ အမြင့်စျေးဖြစ်နေကြောင်း လက်ရှိတွင် နှမ်းမျိုးစုံနှင့် မြေပဲဆန်မှာလည်း စျေးကျဆင်းနေပြီး ပဲ၊ နှမ်းစျေးကွက်တစ်ခုလုံး လက်ရှိပေါက်စျေးများအတိုင်း အရောင်းအဝယ် ကောင်းကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။

"ပို့ကုန်ပဲတွေကတော့ စျေးကျဆင်းလာပါတယ်။ ပဲစင်းငုံ၊ မတ်ပဲတွေကနေ စတင်စျေးကျဆင်းနေတာ ပြည်တွင်း ကုလားပဲ တွေလည်း လိုက်ပါစျေးကျဆင်းလာပါတယ်။ မတ်ပဲဆိုရင် တစ်အိတ်လျှင် ငွေကျပ် ၂,၈၀,၀၀၀ ဝန်းကျင်နဲ့ ပဲစင်းငုံတစ်အိတ် ၃,၇၂,၀၀၀ လောက်ထိ စျေးကျဆင်းပါတယ်။ ပြည်တွင်းပဲမာ လိုင်းတွေကတော့ စျေးသိပ်မကျဘဲ ပုံမှန်စျေးအေးသွားပါတယ်။ ပို့ကုန်ပဲတွေကတော့ စျေးအကျ ကြမ်းသွားတာပါ။ ဝယ်လိုအားကတော့ မကျပါဘူး။ စျေးကျဆင်းပေမဲ့ ပေါက်စျေးအတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်။ ယခင်ကြိုရောင်းသမားတွေကတော့ စျေးကျဆင်းချိန် အဝယ်ကောင်းနေပါတယ်။ လှောင်သမားတွေဆီမှာတော့ စျေးအမြင့်နဲ့ ဝယ်ထားတာတွေများခဲ့ပါတယ်။ ပဲမာလိုင်းများမှာတော့ အမြင့်စျေးတွေအတိုင်း ရှိနေတာပါ။ တစ်အိတ်လျှင် ငွေကျပ် ၄,၀၀,၀၀၀ ကျော်ပဲတွေကတော့ စျေးကောင်းနေတာပါ။ နှမ်းမျိုးစုံလိုင်းနဲ့ မြေပဲလုံး ဆန် ကတော့ စျေးအေးနေပါတယ်။ ပဲနှမ်းစျေးကွက် တစ်ခုလုံးမှာ စျေးကျဆင်းပေမဲ့ လက်ရှိပေါက်စျေးအတိုင်း ပုံမှန်အရောင်း အဝယ်ဖြစ်နေပါတယ် ဟု ၎င်းကပြောသည်။

ဖေဖော်ဝါရီ ၁၅ ရက်တွင် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂,၈၀,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၃,၈၃,၀၀၀ ပေါက်စျေးဖြစ်လာသည်။ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂,၀၀,၀၀၀ ပေါက်စျေးဖြင့် စျေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ်စျေးကျဆင်းနေပြီး ဖေဖော်ဝါရီ ၁၅ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေ ကျပ် ၂,၆၅,၀၀၀ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂,၇၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၆၀,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၆၀,၀၀၀ ထိစျေးကျဆင်းသွားသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃,၅၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄,၈၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၇၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃,၅၀,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၄,၅၀,၀၀၀၊ မြေပဲအနီ လုံးဆန်(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀-၈၇၀၀ စျေး ကျဆင်း သွားသည်။

ဖေဖော်ဝါရီ ၁၅ ရက်တွင် နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄,၀၀,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃,၁၅,၀၀၀၊ နှမ်းဝါတစ်အိတ်လျှင် ငွေကျပ် ၃,၂၀,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၃,၈၀,၀၀၀ အသီးသီး စျေးကျဆင်းသွားကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## မန္တလေးကုန်စည်ဒိုင်သို့ ကုလားပဲများ နယ်စုံမှဝင်ရောက်နေပြီး စျေးအေးနေ

ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်စျေးကွက်သို့ သဲတော၊ ဝမ်းတွင်း၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်ဆည် နှင့် ကူမဲဘက်မှ ကုလားပဲအသစ်များဝင်ရောက်နေပြီး၊ စျေးအနည်းငယ်ကျဆင်းလာကြောင်း၊ ကုလားပဲအသစ်များမှာ စိုထိုင်းဆကြောင့် ပဲခွဲစက်များမှ ကြိတ်ခွဲ၍ မရသေးသောကြောင့် ဝယ်ယူမှုအေး စျေးအေးနေကြောင်း မန္တလေးကုန်စည်ဒိုင် စျေးကွက်မှသိရသည်။

**ကုလားပဲဖြူလုံးကြီး(V-2)** ၅၇ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂,၇၀,၀၀၀ ၊ ယခင်တစ်ပတ်ကျပ် ၃,၂၀,၀၀၀ ၊ ယခင်လ ကျပ် ၃,၁၃,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅၀,၀၀၀ ၊ ယခင်လထက် ကျပ် ၄၃,၀၀၀ နိမ့်ကျလာသည်။

**ကုလားပဲဖြူလုံးကြီး(V-7)** ၅၇ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂,၇၃,၀၀၀ ၊ ယခင်တစ်ပတ်ကျပ် ၃,၂၀,၀၀၀ ၊ ယခင်လ ကျပ် ၃,၁၅,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၄၇,၀၀၀ ၊ ယခင်လထက် ကျပ် ၄၂,၀၀၀ နိမ့်ကျလာသည်။

**ကုလားပဲ (ထိုင်ဝမ်)** ၅၆ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂,၆၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂,၈၀,၀၀၀၊ ယခင်လ ကျပ် ၂,၈၅,၀၀၀ ဖြစ်ခဲ့သည်။ ယခင် တစ်ပတ်ထက်ကျပ် ၂၀,၀၀၀၊ ယခင်လ ကျပ် ၂၅,၀၀၀ နိမ့်ကျလာသည်။

**ကုလားပဲ(929)** ၅၆ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂,၆၂,၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂,၈၈,၀၀၀ မှ ၂,၉၀,၀၀၀၊ ယခင်လ ကျပ် ၂,၉၀,၀၀၀ မှ ၂,၉၃,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၂၆,၀၀၀ မှ ၂၈,၀၀၀ ၊ ယခင်လထက် ကျပ် ၂၈,၀၀၀ မှ ၃၁,၀၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

myantrade.gov.mm

## ဈေးကွက်အတွင်း၌ ဓာတ်ဆီနှင့်ဒီဇယ်ဈေး အနည်းငယ်မြင့်တက်လာ



ပြည်တွင်းရှိ စက်သုံးဆီဈေးကွက်တွင် ဓာတ်ဆီနှင့် ဒီဇယ်ဈေးများ မြင့်တက်လာကြောင်း စက်သုံးဆီ အရောင်းဆိုင်များမှ သိရသည်။

ယနေ့ ဖေဖော်ဝါရီ (၁၆) ရက် စက်သုံးဆီ လက်ကား ရည်ညွှန်းဈေးအရ အောက်တိန်း ၉၂ တစ်လီတာ ၂၇၇၀ ကျပ်၊ ၉၅ တစ်လီတာ ကျပ် ၂၈၇၅ ကျပ်၊ ဒီဇယ် တစ်လီတာ ၂၅၉၅ ကျပ်၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၂၆၄၀ ကျပ်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် တစ်ပတ်တွင် ၉၂ ဓာတ်ဆီ တစ်လီတာ ၂၆၈၅ ကျပ်၊ ၉၅ ဓာတ်ဆီတစ်လီတာ ၂၈၀၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၂၅၂၅ ကျပ်၊ ပရီမီယံဒီဇယ် တစ်လီတာကို ၂၅၇၀ ကျပ်ဖြင့် ရောင်းချခဲ့ပြီး အနည်းငယ်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဈေးနှုန်းသည် ရန်ကုန်လက်လီဈေးကွက်အတွက် သတ်မှတ်ပေးသည့်ဈေးနှုန်းများဖြစ်ပြီး နယ်မြို့များတွင် သယ်ယူပို့ဆောင်စရိတ်ကြောင့် ယခုဈေးနှုန်းများထက် ပိုများကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း ပြည်တွင်း ဒေါ်လာငွေလဲနှုန်း အနည်းငယ်မြင့်တက်လာသလို စင်ကာပူ၏ အခြေခံရေနံထွက်ကုန်ဈေးနှုန်း MOPS ဈေးသည် ယခုရက်ပိုင်းအတွင်း အနည်းငယ်ပြန်လည်မြင့်တက်လာကြောင်းလည်း သိရသည်။

**Source: popularmyanmar.com**

# STOCK EXCHANGE (16.2.2024)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 15th Feb. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,554 (Shares) | 26,732,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +100 | +1.16% | 8,600 | 8,700 | 8,600 | 437 | 3,761,400 | 33,109,694 | 288,054 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,900 | 2,950 | 2,900 | 2,262 | 6,560,550 | 38,929,150 | 114,841 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 470 | 728,500 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,800 | 1,850 | 1,800 | 180 | 327,000 | 19,977,223 | 36,958 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 2 | 9,600 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 203 | 345,350 | 23,804,946 | 41,659 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 15th Feb. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.83 | +1.75 | +0.48% | 363.04 | 365.83 | 362.52 | 3,554 | 11,732,400 | 8 | 690,027 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 15th Feb. 2024

| Trading Volume | Trading Value |
|---|---|
| 13,554 (Shares) | 26,732,400 (MMK) |

## Main Board

As of 1:00 pm, 15th Feb. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,554 (Shares) | 26,732,400 (MMK) |

| MYANPIX | 365.83 ▲ 1.75 |
|---|---|
| Total Volume (shares) | 3,554 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 690,027 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 100 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |